ပိတ်ပင်ထားသော ကုန်ပစ္စည်းများဖြစ်ကြောင်း သုံးသပ်ထားခြင်းသည် အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၂၀ တွင် မပါရှိသော စကားရပ်ဖြစ်ပါကြောင်း၊ ယင်းအမိန့်ကြော်ငြာစာတွင် **ကန့်သတ်၊ တားမြစ်ထားသောကုန်ပစ္စည်းများ** ဟုသာ သုံးနှုန်းထားပါကြောင်း၊ အမိန့်တွင် **ကန့်သတ်ထားသော** သို့မဟုတ် **တားမြစ်ထားသော** ဟူ၍ ကွဲကွဲပြားပြား သုံးနှုန်းထားခြင်းမရှိသည်မှာ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသားများ၊ စီးပွားရေး လာရောက်လုပ်ကိုင်ကြသည့် နိုင်ငံခြားသားများအတွက် Entertainment အဖြစ် အရက်၊ ဘီယာ၊ စီးကရက်၊ ဝိုင်တို့ကို ပြည်ပမှ တင်သွင်းခွင့်ပြုထားပြီး ပုဂ္ဂလိက၊ ပြည်သူတို့ကိုမူတားမြစ်ထားသည့်သဘော ဖြစ်ပါကြောင်း၊ ဤသို့တစ်ဖက်ဖွင့်၊ တစ်ဖက်ပိတ် ပြုလုပ်ထားခြင်းသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၇ တွင်ပါရှိသည့် **နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိစေရမည်။ ထို့အပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်** ဟူသော ပြဋ္ဌာန်းချက်ကို မျက်ကွယ်ပြုရာရောက်နေပါကြောင်း၊ ခုံအဖွဲ့၏စီရင်ချက်၌ “အခင်းဖြစ်ပစ္စည်းများကို သယ်ဆောင်ရာတွင် အသုံးပြုသည့်ယာဉ်ကို အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၂၀ နှင့်အညီ ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၁၆၈ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းအရေးယူခြင်းသည် တည်ဆဲဥပဒေ၊ လုပ်ထုံး လုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့် ကွဲလွဲဆန့်ကျင်၍ ဆောင်ရွက်ထားသည်ဟု မဆိုနိုင်ကြောင်း” သုံးသပ်ထားခြင်းနှင့်စပ်လျဉ်း၍ ရုံးတော်သို့ ရှင်းလင်းတင်ပြလိုသည်မှာ – မူလအယူခံမှုတွင် လျှောက်ထားသူက အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၂၀ ၏ **စာပိုဒ် ၂၊ စာပိုဒ်ခွဲ (ဃ)** ကိုရည်ညွှန်းပြီး၊ **စာပိုဒ် ၃၊ စာပိုဒ်ခွဲ (ဂ)** အရ ဒဏ်ကြေးဖြင့် ရွေးယူခွင့်ပြုရန် တင်ပြခဲ့ပါကြောင်း၊ လျှောက်ထားခံရသူက ယင်းအမိန့်ကြော်ငြာစာ၏ **စာပိုဒ် ၂၊ စာပိုဒ်ခွဲ (ဂ)** ကို ရည်ညွှန်းပြီး **စာပိုဒ် ၃၊ စာပိုဒ်ခွဲ (က)** အရ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းရန် တင်ပြခဲ့ပါကြောင်း၊ ဤသို့ဖြစ်ရခြင်းမှာ အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၂၀ တွင် **ကန့်သတ်၊ တားမြစ်ထားသည့်ကုန်ပစ္စည်း** ဟူ၍ မတင်မကျ မကွဲမပြားသုံးနှုန်းထားခြင်းကြောင့်ဖြစ်ပါကြောင်း၊ ထိုအချက်ကြောင့် နစ်နာမှုပေါ်ပေါက်လျှင် လျှောက်ထားသူ (အခွန်ထမ်းနိုင်ငံသား) ကိုအသာပေးဆုံးဖြတ်ခြင်းက ပိုမို၍ တရားမျှတမှုကိုဖြစ်ထွန်းစေပါကြောင်း၊ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၈၈ တွင် “Any person deeming himself aggrieved by any decision or order passed by an officer of Customs under this Act...”ဟူသော ပြဋ္ဌာန်းချက်အရ နစ်နာသူဆိုသည်မှာ အကောက်ခွန်အရာရှိက ချမှတ်သော ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်တစ်ရပ်ရပ်ချမှတ်ခြင်း ခံရသူ တစ်နည်းအားဖြင့် ပစ္စည်းပိုင်ရှင်ဖြစ်ကြောင်း ပေါ်လွင်ပါကြောင်း၊ ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၁၈၃ တွင် ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမည့်အစား ရွေးယူဒဏ်ကြေးဖြင့် ပြန်ပေးခွင့် ပြဋ္ဌာန်းထားခြင်းသည်လည်း နစ်နာသူကို ကုစားပေးနိုင်ရန်နှင့် တရားမျှတမှု ဖြစ်ထွန်းစေရန် ရည်ရွယ်ခြင်းဖြစ်ပါကြောင်း၊ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေတွင် **shall be liable to confiscation** (ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်) ဟူ၍သာ ပြဋ္ဌာန်းထားပြီး၊ **shall be confiscated** (သိမ်းဆည်းရမည်) ဟူသော စကားရပ်မပါရှိသော်လည်း အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၂၀ တွင် **ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်** ဟု ရေးသားထားခြင်းသည် ပင်ရင်းဥပဒေ (Substantive Law) ၌ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ထက်ကျော်လွန်နေသဖြင့် ဥပဒေကြောင်းအရ မှားယွင်းနေပါကြောင်း၊ ဘီယာသည် ပြည်ပမှတင်သွင်းခွင့်မပြုသော ကုန်ပစ္စည်းဖြစ်သည်ဟု ခုံအဖွဲ့က ကောက်ယူသုံးသပ်ခဲ့သော်လည်း Duty Free Shop များ၊ Super Market များ၊ Store ဆိုင်ကြီးများ၌ ပြည်ပနိုင်ငံထုတ် Heineken, Corona, Singha, Chang, Carlsberg အစရှိသည့် အမျိုးမျိုးသော ဘီယာများကို တရားဝင်ခင်းကျင်းရောင်းချနေကြသည်ကို တွေ့မြင်ကြရသဖြင့် လျှောက်ထားသူ၏ မော်တော်ယာဉ်ကို ဘီယာသယ်ဆောင်မှုကြောင့် ပြည်သူ့ဘဏ္ဍာ အပြီးအပိုင်သိမ်းဆည်းလိုက်ခြင်းသည် လွန်စွာကြီးလေးသော ပြစ်ဒဏ်ဖြစ်ပါကြောင်း၊ အမိန့်ကြော်ငြာစာ အမှတ် ၃၈/၂၀၂၀ အရ ဘီယာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းလိုက်ခြင်းသည် ယင်းအမိန့်၏ ရည်ရွယ်ချက်ပြည့်မြောက်ပြီးဖြစ်ပါကြောင်း၊ ယာဉ်ကို ရွေးယူဒဏ်ကြေးတပ်ရိုက်၍ ပြန်ပေးခြင်းသည် ပြစ်ဒဏ်ချမှတ်ခြင်း တစ်မျိုးဖြစ်ပါကြောင်း၊ ခုံအဖွဲ့၏ စီရင်ချက်တွင် ‘‘စစ်ဆေးရေးအဖွဲ့သည် ယာဉ်မောင်း မရှိသည့် အချိန်၌ စစ်ဆေးမှုများပြုလုပ်ခဲ့ခြင်းသည် ဥပဒေနှင့်ဆန့်ကျင်နေကြောင်း လျှောက်ထားချက်နှင့်

စပ်လျဉ်း၍ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၇၈ ပါ ပြဋ္ဌာန်းချက်ကို ဖော်ပြပြီး၊ ယင်းပြဋ္ဌာန်းချက်နှင့်အညီ မည်သည့်နေရာတွင်မဆို ဖမ်းဆီးနိုင်သဖြင့် စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထိုက်သော တရားမဝင် ကုန်ပစ္စည်းများဖြစ်သည့် အခင်းဖြစ်ပစ္စည်းများကို တင်ဆောင်ထားသော ယာဉ်အား ဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခဲ့ခြင်းသည် ဥပဒေနှင့် ဆန့်ကျင်သည်ဟု မဆိုနိုင်ကြောင်း" သုံးသပ်ချက်နှင့်စပ်လျဉ်း၍ ရုံးတော်သို့ ရှင်းလင်းတင်ပြလိုသည်မှာ- ကုန်ပစ္စည်းကို ရှာဖွေစစ်ဆေးသည့်အခါ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရပါကြောင်း၊ ပိုင်ရှင် မျက်ကွယ်တွင် စစ်ဆေးခွင့် မရှိပါ။ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၇၂ တွင်လည်းကောင်း၊ ပုဒ်မ ၁၇၂-က တွင်လည်းကောင်း ရှာဖွေဝရမ်းထုတ်ဆင့်ရာ၌ ရာဇဝတ်ကျင့်ထုံး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရန် ပြဋ္ဌာန်းထားပါကြောင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၃၊ ပုဒ်မခွဲ (၃) တွင် "ရှာဖွေမှုပြုလုပ်စဉ် ရှာဖွေသည့်နေရာတွင် နေထိုင်သူ သို့မဟုတ် ၎င်း၏ကိုယ်စားအခြားသူတစ်ဦးဦးကို ရှိနေခွင့်ပြုရမည်။ ထိုလူ ရှိနေလျှင် ပုဒ်မခွဲ (၂) အရ ရေးသားထားသည့် ပစ္စည်းစာရင်း၌ ယင်းစာရင်းမှန်ကန်ကြောင်း သိရှိသည့်အနေဖြင့် ၎င်းအား လက်မှတ်ရေးထိုးစေရမည့်အပြင် ယင်းပစ္စည်းစာရင်း၏ မိတ္တူတစ်စောင်ကို အဆိုပါနေထိုင်သူ သို့မဟုတ် ၎င်း၏ကိုယ်စား ဆောင်ရွက်သူအား ရှာဖွေသည့် အရာရှိ သို့မဟုတ် ရှာဖွေသည့် အခြားသူက ပေးရမည်" ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၇၈ တွင် ကုန်းပေါ်တွင်ဖြစ်စေ၊ ရေပေါ်တွင်ဖြစ်စေ မည်သည့်နေရာတွင်မဆို သိမ်းဆည်းနိုင်သည်ဟု ပြဋ္ဌာန်းထား ပါကြောင်း၊ ထိုသို့ သိမ်းဆည်းခြင်းမပြုမီ ရှာဖွေခြင်းကိစ္စကို အရင်ဦးစွာ လုပ်ကိုင်ကြရပါကြောင်း၊ ထို့ကြောင့် ရှာဖွေသည့်ပုဒ်မကို ရှေ့ကထား၍ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်း၌ Covid-19 Pandemic ကူးစက်ရောဂါဖြစ်ပွားမှုကြောင့် စီးပွားရေးကျဆင်းကာ စားဝတ်နေရေး ဒုက္ခရောက်ကြပါကြောင်း၊ လျှောက်ထားသူသည်လည်း မိမိကားကို သိမ်းဆည်းခံရသဖြင့် အလုပ်လက်မဲ့ဖြစ်ကာ မိသားစုစားဝတ်နေရေး အခက်ကြုံရသကဲ့သို့ ယာဉ်မောင်းနှင့် ၎င်း၏မိသားစုသည်လည်း အလုပ်လက်မဲ့ဘဝ ရောက်ကြရပါကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁ တွင် "နိုင်ငံတော်သည် ပြည်သူများ အလုပ်လက်မဲ့နည်းပါးစေရန် တတ်နိုင်သမျှ ကူညီဆောင်ရွက်ရမည်" ဟူ၍ ပြဋ္ဌာန်းထားပါကြောင်း၊ ရုံးတော်က ယာဉ်ကို ရွေးယူဒဏ်ကြေးဖြင့် ပြန်ပေးပါက ယင်းပုဒ်မပါ ပြဋ္ဌာန်းချက်ကို ဖြည့်ဆည်းပေးရာရောက်သကဲ့သို့ ယာဉ်ပိုင်ရှင်နှင့် ယာဉ်မောင်းတို့၏ လူမှုရေးဒုက္ခကို ကယ်တင်ပေးရာလည်းရောက်ပါကြောင်း၊ ဘီယာသယ်ဆောင်လာသော မော်တော်ယာဉ်ကို ယခင်တပ်မတော်အစိုးရလက်ထက်၊ ပါတီစုံဒီမိုကရေစီ အစိုးရလက်ထက်တို့၌ ရွေးယူဒဏ်ကြေးဖြင့် ဤခုံအဖွဲ့က ပြန်ပေးခဲ့သည့် သာဓကအမှုများ ရှိခဲ့ပါကြောင်း၊ ယင်းတို့အနက်မှ ၂၀၁၉ ခုနှစ်၊ အကောက်ခွန် အယူခံမှုအမှတ် (၃၈) နှင့် ၂၀၁၉ ခုနှစ်၊ အကောက်ခွန်ပြန်လည်သုံးသပ်မှုအမှတ် (၂) အပေါ် ချမှတ်ခဲ့သည့် စီရင်ချက် အမိန့်မိတ္တူနှစ်စောင်ကို ရုံးတော်သို့ တင်ပြအပ်ပါကြောင်း၊ အလျဉ်းသင့်၍ တင်ပြလိုသည်မှာ လျှောက်ထားခံရသူ ဌာနဆိုင်ရာဘက်က စီရင်ထုံးများကို ကိုးကားတင်ပြရာ၌ စီရင်ထုံးပြုသည့် (ခုနှစ်) မပါရှိသည်ကို တွေ့ရပါကြောင်း၊ ထိုသို့ ခုနှစ် မပါရှိသဖြင့် စီရင်ထုံးရှာဖွေရာ၌ အခက်အခဲရှိပါကြောင်း၊ စီရင်ထုံးများကို ကိုးကားဖော်ပြရာ၌ တရားရုံးများ လက်စွဲအတွဲ (၁) စာပိုဒ် ၃၃ တွင် ဖော်ပြပါရှိသည့် စီရင်ထုံးများကို ကိုးကားဖော်ပြရန် နည်းနာနိဿယကို လိုက်နာသင့်ကြောင်း၊ သို့ပါ၍ အခင်းဖြစ်ဘီယာများကို ယာဉ်ပိုင်ရှင်ကိုယ်တိုင် သယ်ဆောင်ခဲ့ခြင်းမဟုတ်ဘဲ တစ်ဆင့်ငှားရမ်းထားသည့်ကာလ၌ ဖြစ်ပွားခဲ့ခြင်း၊ ပြည်ပနိုင်ငံထုတ် ဘီယာအမျိုးမျိုးကို ဆိုင်ကြီးများ၌ ခင်းကျင်းရောင်းချလျက်ရှိခြင်း၊ ဘီယာများကို ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီးဖြစ်၍ ယာဉ်ကိုထပ်မံသိမ်းဆည်းခြင်းသည် လွန်စွာကြီးလေးသည့် ပြစ်ဒဏ် ဖြစ်သည့်အပြင် တရားမျှတမှုလည်း ကင်းမဲ့နေခြင်း၊ ပင်ရင်းဥပဒေ၌ အပ်နှင်းထားခြင်းမရှိသော လုပ်ပိုင်ခွင့်ကို အမိန့်ကြော်ငြာစာ၌ သုံးစွဲထားခြင်းသည် ဥပဒေနှင့်ဆန့်ကျင်နေခြင်း၊ အလုပ်လက်မဲ့နည်းပါးစေရန် နိုင်ငံတော်က ကူညီဆောင်ရွက်ရမည်ဟု အာမခံချက်ပေးထားခြင်း၊ ဘီယာများသယ်ဆောင်သည့်ယာဉ်ကို ခုံအဖွဲ့က ရွေးယူဒဏ်ကြေးတပ်ရိုက်၍ ပြန်ပေးခဲ့သည့် သာဓကအမှုများရှိခဲ့ခြင်းတို့ကြောင့် လျှောက်ထားသူ၏ နစ်နာမှုကို ရုံးတော်က ကုစားပေးပါရန် ရိုသေစွာ တင်ပြထားပါသည်။

[ ဆက်လက်ဖော်ပြပါမည်။ ]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာ (၃၇၀/၂၀၂၃)

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ ရက်

(၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၀ ရက်)

ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဖားဆောင်းမြို့၊ မြောက်ပိုင်းရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၁/ဟွေကဘူ)၊ ဦးပိုင်အမှတ် (၃၃)၊ မြေကွက်အမှတ် (၁၀၈)၊ **မြေဧရိယာ ၀.၀၉၉ ဧက** ရှိမြေအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ **မြောက်ပိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး** မြေနေရာအဖြစ်အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

### အမိန့်ကြော်ငြာစာ (၃၇၁/၂၀၂၃)

ကယားပြည်နယ်၊ဘောလခဲခရိုင်၊ဖားဆောင်းမြို့၊တောင်ပိုင်းရပ်ကွက်၊အကွက်အမှတ်နှင့်အမည် (၆/ရုံး)၊ ဦးပိုင်အမှတ် (၂-ခ)၊ မြေကွက်အမှတ် (၆၁)၊ **မြေဧရိယာ ၀.၀၄၅ ဧက** ရှိမြေအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ **တောင်ပိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး** မြေနေရာအဖြစ်အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

### အမိန့်ကြော်ငြာစာ (၃၇၂/၂၀၂၃)

ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဖားဆောင်းမြို့နယ်၊ ဖားဆောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့်အမည် (၁/စုစည်း)၊ ဦးပိုင်အမှတ် (၁၀-ခ)၊ မြေကွက်အမှတ် (၂၈)၊ **မြေဧရိယာ ၀.၀၅၅ ဧက** ရှိမြေအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ **ဖားဆောင်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး** မြေနေရာအဖြစ်အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

### အမိန့်ကြော်ငြာစာ (၃၇၃/၂၀၂၃)

ကယားပြည်နယ်၊ဘောလခဲခရိုင်၊ဖားဆောင်းမြို့နယ်၊ဝမ်အောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့်အမည် (၂/ဝမ်အောင်းကယားကွင်း)၊ ဦးပိုင်အမှတ် (၆၇/၄၂)၊ မြေကွက်အမှတ် (၂၈)၊ **မြေဧရိယာ ၀.၁၅၅ ဧက** ရှိမြေအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ **ဝမ်အောင်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး** မြေနေရာအဖြစ်အသုံးပြုရန် အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၃၇၆/၂၀၂၃)

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၆ ရက်

(၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၃ ရက်)

ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ သိန္နီမြို့၊ အမှတ် (၄) ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၁၈/ဗိုလ်တဲရပ်)၊ ဦးပိုင်အမှတ် (၁/၃၈)၊ **မြေဧရိယာ ဝ.၆၄၆ ဧက** ရှိမြေအား မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ **သတင်းရဲတပ်ဖွဲ့၊ တပ်ဖွဲ့စိတ် (သိန္နီ)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၃၇၇/၂၀၂၃)

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်

(၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်)

ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ မြေပုံမြို့၊ တရုတ်တန်းရပ်ကွက်၊ ကွင်းအမှတ်နှင့် အမည် (၃၉/မြေပုံအရှေ့ကွင်း)၊ ဦးပိုင်အမှတ် (၁၆၁၈-တစ်စိတ်တစ်ဒေသ)၊ **မြေဧရိယာ ဝ.၃၉၅ ဧက** အား **လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မြေပုံမြို့နယ်လျှပ်စစ်မှူးရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၃၇၈/၂၀၂၃)

ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက် (မြောက်စံပြ)၊ အကွက်အမှတ်/အမည် (၄၂/ဘောလုံးပြင်အကွက်)၊ ဦးပိုင်အမှတ် (၃၇) ရှိ **မြေဧရိယာ ၁.၀၁ ဧက** အား **စစ်တွေခရိုင်တရားရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှတ်တွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထောင်စုတရားလွှတ်တော်ချုပ်** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၃၇၉/၂၀၂၃)

ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ လွိုင်ကော်မြို့နယ်၊ မထောခူကျေးရွာအုပ်စု၊ လောပိတစံပြကျေးရွာ၊ ကွင်း/အကွက်အမှတ်နှင့်အမည် (ကွင်းပြင်-၉)၊ ဦးပိုင်အမှတ် (-)၊ ကျန်အခြား **မြေဧရိယာ ၄.၆၆ ဧက** အား သာသနာ့မြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်စည်းမျဉ်းဥပဒေပုဒ်မ ၂၃ နှင့် ပုဒ်မ ၂၄ (၁) တို့နှင့်အညီ **အစိုးရကစီမံခန့်ခွဲခွင့်ရှိသောမြေ** (Land at the Disposal of Government) အဖြစ် သတ်မှတ်ခွင့်ပြုလိုက်သည်။

**အမိန့်ကြော်ငြာစာ (၃၈၉/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃ ရက်)

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ စိုးမိုးအိုင်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည် (OSS/ကြေးတိုင်ပြင်)၊ ဦးပိုင်အမှတ် (-)၊ **မြေရိုင်းဧရိယာ ၃၃.၁၀ ဧက** အား သာသနာ့မြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်စည်းမျဉ်းဥပဒေပုဒ်မ ၂၃ နှင့် ပုဒ်မ ၂၄ (၁) တို့နှင့်အညီ **အစိုးရကစီမံခန့်ခွဲခွင့်ရှိသောမြေ** (Land at the Disposal of Government) အဖြစ် သတ်မှတ်ခွင့်ပြုလိုက်သည်။

**အမိန့်ကြော်ငြာစာ (၃၉၀/၂၀၂၃)**

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ ဘိုကုန်းရပ်ကွက်၊ အကွက်အမှတ်/အမည် (၆၃/ဘိုကုန်း)၊ ဦးပိုင်အမှတ် (၈၂က) ရှိ **ဗဒ္ဓံကျောင်း** အခွန်လွတ်သာသနာ့ **မြေဧရိယာ ၁.၀၃၀ ဧက** အနက်မှ **၀.၀၂၅ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများနည်းဥပဒေ ၅၂ နှင့်အညီ သိမ်ဒါယကာ ဦးလွင်ဦး [၁၀/မလမ(နိုင်) ၀၄၅၂၄၂] အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၁ ရက်

(၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၈ ရက်)

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေပုဒ်မ ၇၁၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤလုပ်ထုံးလုပ်နည်းများကို ရန်ကုန်စတော့အိတ်ချိန်း၏ စာရင်းဝင်အကြိုဈေးကွက် (Pre-Listing Board-PLB) တွင် မှတ်ပုံတင်မည့်ကုမ္ပဏီများအတွက် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင်ပါရှိသော စကားရပ်များသည် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေနှင့် နည်းဥပဒေများတွင်ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) **စာရင်းဝင်အကြိုဈေးကွက် (Pre-Listing Board-PLB)** ဆိုသည်မှာ ကော်မရှင်၏ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၂ အရ တည်ထောင်သည့် ရန်ကုန်စတော့အိတ်ချိန်းရှိ ဒုတိယဈေးကွက် (Second Board) ကို ဆိုသည်။

(ခ) **အိတ်ချိန်း** ဆိုသည်မှာ ရန်ကုန်စတော့အိတ်ချိန်းကို ဆိုသည်။

(ဂ) **မှတ်ပုံတင်အကြံပေး** ဆိုသည်မှာ စာရင်းဝင်အကြိုဈေးကွက် (Pre-Listing Board-PLB) တွင် ကုမ္ပဏီများ မှတ်ပုံတင်ရန် အကြံပေးအဖြစ် ဆောင်ရွက်ခွင့်ရရှိထားသော အဖွဲ့အစည်းကို ဆိုသည်။

## အခန်း (၂)
## မှတ်ပုံတင်ရန် လျှောက်ထားခြင်း

၃။ ကော်မရှင်၏ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၂ အပိုဒ် ၄ ပါ ကုမ္ပဏီသည် မှတ်ပုံတင်ရန်အိတ်ချိန်းသို့ လျှောက်ထားနိုင်သည်။

၄။ အပိုဒ် ၃ အရ မှတ်ပုံတင်ရန်လျှောက်ထားသည့်ကုမ္ပဏီသည် အောက်ပါတို့ကို အိတ်ချိန်းသို့ တင်ပြရမည်–

(က) မှတ်ပုံတင်ရန်လျှောက်လွှာ၊

(ခ) မှတ်ပုံတင်ခြင်းမပြုမီ အနီးဆုံးဘဏ္ဍာနှစ်၏ နှစ်ပတ်လည်အစီရင်ခံစာ (နှစ်ပတ်လည်အစီရင်ခံစာကို မတင်ပြနိုင်လျှင် လုပ်ငန်းအကြောင်းအနှစ်ချုပ်ပါဝင်သည့် စာရွက်စာတမ်း၊ မှတ်ပုံတင်ခြင်းမပြုမီ အနီးဆုံးဘဏ္ဍာနှစ်၏ ဘဏ္ဍာရေးရှင်းတမ်းများနှင့် စာရင်းစစ်အစီရင်ခံစာတို့ကို တင်ပြရမည်)၊

(ဂ) အများပြည်သူသို့ ရောင်းချရန်ကမ်းလှမ်းခြင်းရှိပါက ကုမ္ပဏီ၏အလားအလာညွှန်းတမ်း၊

(ဃ) မှတ်ပုံတင်အကြံပေး၏ ထောက်ခံချက်နှင့် သတ်မှတ်ထားသည့် ဈေးကွက်တန်ဖိုးအကဲဖြတ်အစီရင်ခံစာ၊

(င) အခြားလိုအပ်သည့် စာရွက်စာတမ်းများ။

၅။ အပိုဒ် ၃ အရ မှတ်ပုံတင်ရန်လျှောက်ထားသည့်ကုမ္ပဏီသည်–

(က) မှတ်ပုံတင်သည့်နေ့တွင် အစုရှယ်ယာရှင် (၁၀၀) ဦးနှင့် အထက်ရှိရမည်။

(ခ) မြန်မာနိုင်ငံဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံသတ်မှတ်ချက်များ သို့မဟုတ် နိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာ စံသတ်မှတ်ချက်များကို လက်ခံကျင့်သုံးရမည်။

(ဂ) မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်ထံမှ စာရင်းစစ်ဆေးထားသည့် အတည်ပြုလက်မှတ်ရှိရမည်။

(ဃ) တည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့် စည်းမျဉ်းများအရ အခွန်တာဝန်ကျေပွန်စေရန် လုံလောက်သော အစီအမံများဆောင်ရွက်ပြီးဖြစ်ရမည်။

(င) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ငွေချေးသက်သေခံလက်မှတ်များ လွှဲပြောင်းခြင်းကို တားမြစ်ကန့်သတ်ထားသည့် ကိစ္စရပ်များမှအပ ငွေချေးသက်သေခံလက်မှတ်များ လွှဲပြောင်းခြင်းအပေါ် တားမြစ်ကန့်သတ်ချက်များမရှိစေရန် ဆောင်ရွက်ရမည်။

(စ) ကော်မရှင်၏ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၂ အပိုဒ် ၈ အရ ငွေချေးသက်သေခံလက်မှတ်များကို အီလက်ထရောနစ်နည်းဖြင့် မှတ်တမ်းတင်ထိန်းသိမ်းရမည်။

(ဆ) ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ အခြားတည်ဆဲဥပဒေများနှင့် ယင်းဥပဒေများအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုရမည်။

၆။ အိတ်ချိန်းသည် အပိုဒ် ၃ အရ မှတ်ပုံတင်ရန် လျှောက်ထားသည့်ကုမ္ပဏီကို အပိုဒ် ၄ ပါ စာရွက်စာတမ်းများ ပြည့်စုံပါက အိတ်ချိန်းမှသတ်မှတ်သည့် "မှတ်ပုံတင်ခြင်းဆိုင်ရာသဘောတူညီချက်" အတိုင်းဆောင်ရွက်စေပြီး အပိုဒ် ၅ ပါ အချက်အလက်များနှင့်ညီညွတ်လျှင် ကော်မရှင်၏ အတည်ပြုချက်ဖြင့် စာရင်းဝင်အကြိုဈေးကွက် (Pre–Listing Board–PLB) တွင် မှတ်ပုံတင်ရန်ခွင့်ပြုရမည်။

## အခန်း (၃)
## မှတ်ပုံတင်အကြံပေး လျှောက်ထားခြင်း

၇။ ကော်မရှင်၏ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၂ အပိုဒ် ၅၊ အပိုဒ်ခွဲ (က) တွင် ပါရှိသည့် ကုမ္ပဏီများအနက် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီမှအပ ကျန်ကုမ္ပဏီတစ်ခုခုသည် မှတ်ပုံတင်အကြံပေးအဖြစ်ဆောင်ရွက်လိုလျှင် အိတ်ချိန်းသို့ လျှောက်ထားနိုင်သည်။

၈။ အပိုဒ် ၇ အရ လျှောက်ထားရာတွင် အောက်ဖော်ပြပါ စာရွက်စာတမ်းများ တင်ပြရမည်–

(က) မှတ်ပုံတင်အကြံပေးလျှောက်လွှာ၊

( ခ ) ဥပဒေအကျိုးဆောင် သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင် သို့မဟုတ် ဘဏ္ဍာရေးအတိုင်ပင်ခံအဖြစ် အရည်အချင်းပြည့်မီကြောင်း သက်ဆိုင်ရာအဖွဲ့အစည်း၏ အသိအမှတ်ပြုသည့်လက်မှတ်၊

( ဂ ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊

(ဃ) လုပ်ငန်းအစီရင်ခံစာ သို့မဟုတ် အလားတူစာရွက်စာတမ်းများ၊ ၎င်းနှင့်တွဲ၍ တင်ပြသော ဘဏ္ဍာရေးရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာ၊

( င ) အိတ်ချိန်းမှ လိုအပ်သည်ဟု ယူဆသော အခြားစာရွက်စာတမ်းများ။

## အခန်း (၄)
## မှတ်ပုံတင်အကြံပေးအဖြစ် အတည်ပြုခြင်း

၉။ အပိုဒ် ၇ အရ မှတ်ပုံတင်အကြံပေးအဖြစ် လျှောက်ထားရာတွင် အပိုဒ် ၈ ပါ အချက်အလက်များနှင့်ပြည့်စုံပြီး အောက်ပါအချက်များနှင့် ကိုက်ညီကြောင်းတွေ့ရှိလျှင် အိတ်ချိန်းသည် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ ကော်မရှင်သို့ တင်ပြရမည်–

(က) အရင်းအနှီးဈေးကွက်နှင့်သက်ဆိုင်သော အတွေ့အကြုံနှင့် ဗဟုသုတရှိရမည်။

( ခ ) အကြံပေးဝန်ဆောင်မှုရယူသော ကုမ္ပဏီ၏ရှယ်ယာကို ၁၀ ရာခိုင်နှုန်းနှင့်အထက်ကျော်၍ ကိုင်ဆောင်ထားခြင်းမရှိရ။

( ဂ ) စာရင်းဝင်အကြိုဈေးကွက် (Pre–Listing Board–PLB) တွင် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့် ကုမ္ပဏီနှင့်ဆက်နွယ်သည့်အဖွဲ့အစည်းမဖြစ်စေရ။

(ဃ) အိတ်ချိန်းမှအခါအားလျော်စွာ သတ်မှတ်သည့် အချက်များနှင့်ကိုက်ညီရမည်။

၁၀။ အပိုဒ် ၉ အရ တင်ပြချက်အပေါ် ကော်မရှင်က ခွင့်ပြုပါက အိတ်ချိန်းသည် အဆိုပါကုမ္ပဏီကို မှတ်ပုံတင်အကြံပေးအဖြစ် ခန့်အပ်ရမည်။

၁၁။ အိတ်ချိန်းသည် အရည်အချင်းပြည့်မီသော မှတ်ပုံတင်အကြံပေးစာရင်းကို ထုတ်ပြန်ပေးရမည်။

၁၂။ မှတ်ပုံတင်အကြံပေးအဖြစ် ဆောင်ရွက်ရာတွင် မှတ်ပုံတင်အကြံပေးသည် အပိုဒ် ၉ ပါ သတ်မှတ်ချက်များနှင့်အညီ ကျင့်သုံးဆောင်ရွက်ရမည်။

၁၃။ မှတ်ပုံတင်အကြံပေးသည် အပိုဒ် ၉ ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိဟု အိတ်ချိန်းမှတွေ့ရှိပါက မှတ်ပုံတင်အကြံပေးကိုသတိပေးခြင်း သို့မဟုတ် မှတ်ပုံတင်အကြံပေးအဖြစ် ဆောင်ရွက်ခွင့်ကို ယာယီ ရပ်ဆိုင်းခြင်း သို့မဟုတ် ပြန်လည်ရုပ်သိမ်းခြင်းကို ကော်မရှင်၏ စိစစ်အတည်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

## အခန်း (၅)

## မှတ်ပုံတင်အကြံပေး၏ တာဝန်ဝတ္တရားများ

၁၄။ မှတ်ပုံတင်အကြံပေးသည် စာရင်းဝင်အကြိုဈေးကွက် (Pre-Listing Board-PLB) တွင် မှတ်ပုံတင် ရာတွင် အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) မှတ်ပုံတင်လျှောက်ထားခြင်းနှင့်သက်ဆိုင်သည့် အကြံပေးခြင်း၊

( ခ ) မှတ်ပုံတင်လျှောက်ထားရာတွင် အိတ်ချိန်းမှ သတ်မှတ်ထားသောထောက်ခံချက်နှင့် ဈေးကွက်တန်ဖိုး အကဲဖြတ်မှုများကို ပြင်ဆင်ပေးခြင်းနှင့် လိုအပ်ချက်များကို အတည်ပြုပေးခြင်း၊

( ဂ ) မှတ်ပုံတင်ပြီးနောက် ကော်ပိုရိတ်သတင်းအချက်အလက်များ ဖွင့်ဟကြေညာရာတွင် အကြံပေးခြင်း၊

(ဃ) အပိုဒ် ၅ တွင် ဖော်ပြထားသည့် မှတ်ပုံတင်ခြင်းအတွက် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ အိတ်ချိန်းမှ လက်ခံနိုင်သည်အထိ ဖြောင့်မတ်မှန်ကန်စွာ ရှင်းလင်းဆောင်ရွက်ခြင်း။

## အခန်း (၆)

## ငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်မှုကို ကန့်သတ်ထားသည့်ကာလ

၁၅။ မှတ်ပုံတင်ရန်လျှောက်ထားသည့်ကုမ္ပဏီသည် မှတ်ပုံတင်လျှောက်ထားသည့် နေ့ရက်မတိုင်မီ လွန်ခဲ့သည့်ခြောက်လက ငွေချေးသက်သေခံလက်မှတ်များကို ခွဲဝေမှု သို့မဟုတ် ရောင်းချမှုပြုခဲ့လျှင် မှတ်ပုံတင်သည့်နေ့ရက်မှစ၍ သုံးလအထိ အဆိုပါငွေချေးသက်သေခံလက်မှတ်ရောင်းချမှုကို ကန့်သတ် ထားမည်ဟု ငွေချေးသက်သေခံလက်မှတ်များကို ခွဲဝေချထားခြင်းခံရသူ သို့မဟုတ် ဝယ်ယူသူထံမှ စာဖြင့် ရေးသားအတည်ပြုချက်ရယူထားရမည်။

## အခန်း (၇)

## ငွေချေးသက်သေခံလက်မှတ်အသစ်များကို ထပ်တိုးမှတ်ပုံတင်ခြင်းအတွက် လျှောက်ထားခြင်း

၁၆။ မှတ်ပုံတင်ထားသည့်ကုမ္ပဏီသည် ယင်း၏ ငွေချေးသက်သေခံလက်မှတ်များကဲ့သို့ အမျိုးအစားတူ ငွေချေးသက်သေခံလက်မှတ်အသစ်များ ထပ်မံထုတ်ဝေသည့်အခါ ယင်းသို့ထုတ်ဝေခြင်းမပြုမီ ယင်းငွေချေး သက်သေခံလက်မှတ်အသစ်များကို မှတ်ပုံတင်ရန် “ငွေချေးသက်သေခံလက်မှတ်အသစ်များ မှတ်ပုံတင်ရန် လျှောက်လွှာ” ဖြင့် အိတ်ချိန်းသို့ လျှောက်ထားရမည်။

၁၇။ အိတ်ချိန်းသည် သတ်မှတ်ချက်များနှင့်ညီညွတ်လျှင် ငွေချေးသက်သေခံလက်မှတ်အသစ်များ မှတ်ပုံတင်ခြင်းကို ခွင့်ပြုရမည်။

၁၈။ မှတ်ပုံတင်ထားသည့်ကုမ္ပဏီတစ်ခုသည် ယင်း၏ငွေချေးသက်သေခံလက်မှတ်များကဲ့သို့ အမျိုးအစားတူ ငွေချေးသက်သေခံလက်မှတ်အသစ်များကို ထုတ်ဝေရာတွင် ကော်မရှင်၏ ၇-၈-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာ ၁/၂၀၁၅၊ ၁၄-၉-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၅၊ ၇-၄-၂၀၁၆ ရက်စွဲပါ ညွှန်ကြားချက် ၅/၂၀၁၆၊ ၁၅-၅-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ ၁/၂၀၂၀ တို့နှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၈)

## ကော်ပိုရိတ်သတင်းအချက်အလက်များကို ထုတ်ဖော်ကြေညာခြင်း

၁၉။ မှတ်ပုံတင်ထားသည့်ကုမ္ပဏီသည် ကော်မရှင်၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကော်ပိုရိတ်သတင်းအချက်အလက်များကို ထုတ်ဖော်ကြေညာရမည်။

၂၀။ အပိုဒ် ၁၉ အရ ကော်ပိုရိတ်သတင်းအချက်အလက်များထုတ်ဖော်ကြေညာရာတွင် အောက်ဖော်ပြပါ အချက်များကို ဂရုပြု၍ဆောင်ရွက်ရမည်-

(က) အချက်အလက်များမှန်ကန်စွာဖော်ပြရန်၊

(ခ) ရင်းနှီးမြှုပ်နှံသူက ငွေချေးသက်သေခံလက်မှတ်ကို ရောင်းရန် သို့မဟုတ် ဝယ်ရန် အဆုံးအဖြတ်ပြုရာတွင် အထောက်အကူပြုသည့် အရေးကြီးသောအချက်အလက်များကို ပြည့်စုံစွာဖော်ပြရန်၊

(ဂ) အဓိပ္ပာယ်မှန်ကန်စွာဖော်ပြရန်။

၂၁။ မှတ်ပုံတင်ထားသည့်ကုမ္ပဏီသည်-

(က) ကော်ပိုရိတ်သတင်းအချက်အလက်ထုတ်ပြန်ကြေညာခြင်းကို အိတ်ချိန်း၏ အင်တာနက်စာမျက်နှာတွင် ဖော်ပြရန် အိတ်ချိန်းသို့ အီလက်ထရောနစ်ဖိုင်ဖြင့် ပေးပို့ရမည်။

(ခ) အပိုဒ်ခွဲ (က) ပါ ထုတ်ပြန်ကြေညာခြင်းကို ကုမ္ပဏီ၏ ကိုယ်ပိုင်အင်တာနက်စာမျက်နှာတွင်လည်း ဖော်ပြရမည်။

၂၂။ မှတ်ပုံတင်ထားသည့်ကုမ္ပဏီသည် အိတ်ချိန်း၏ အင်တာနက်စာမျက်နှာအား အသုံးပြု၍မရသည့်အခါ ကော်ပိုရိတ်သတင်းအချက်အလက်များထုတ်ပြန်ကြေညာခြင်းကို အများပြည်သူသိရှိစေရန် ကုမ္ပဏီ၏ ကြော်ငြာသင်ပုန်း၊ ကိုယ်ပိုင်အင်တာနက်စာမျက်နှာ၊ သတင်းစာ သို့မဟုတ် ဂျာနယ်တွင် ဖော်ပြရမည်။

၂၃။ ထုတ်ပြန်ကြေညာထားသည့် သတင်းအချက်အလက်အသေးစိတ်ကို ပြင်ဆင်ရန် သို့မဟုတ် ပြန်လည်စိစစ်ရန် လိုအပ်သည့်အခါ မှတ်ပုံတင်ထားသည့်ကုမ္ပဏီသည် ပြင်ဆင်ချက် သို့မဟုတ် ပြန်လည်စိစစ်ချက်ကို ချက်ချင်းထုတ်ပြန်ကြေညာရမည်။

## အခန်း (၉)

## သတင်းအချက်အလက်များကိုင်တွယ်ဖြေရှင်းရန် တာဝန်ခံပုဂ္ဂိုလ် ရွေးချယ်သတ်မှတ်ခြင်း

၂၄။ မှတ်ပုံတင်ထားသည့်ကုမ္ပဏီသည်-

(က) ကော်ပိုရိတ်သတင်းအချက်အလက်များ ထုတ်ပြန်ကြေညာရာတွင်အိတ်ချိန်းနှင့် ဆက်သွယ်ဆောင်ရွက်ရန်နှင့် ကော်ပိုရိတ်သတင်းအချက်အလက်များ ကိုင်တွယ်ဖြေရှင်းရန် ဒါရိုက်တာအဖွဲ့ဝင်များထဲမှတစ်ဦး သို့မဟုတ် ဒါရိုက်တာအဖွဲ့က တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်တစ်ဦးဦးကို ရွေးချယ်သတ်မှတ်ပြီး အဆိုပါ ပုဂ္ဂိုလ်၏ အမည်၊ ရာထူး၊ ဆက်သွယ်ရန်လိပ်စာနှင့် အချက်အလက်တို့ကို အိတ်ချိန်းသို့ပေးပို့ရမည်။

(ခ) အပိုဒ်ခွဲ(က)ပါအကြောင်းအရာများကိုပြောင်းလဲလိုသည့်အခါအိတ်ချိန်းသို့ အသိပေးအကြောင်းကြားရမည်။

## အခန်း (၁၀)

## စာရွက်စာတမ်းများတင်ပြခြင်း

၂၅။ မှတ်ပုံတင်ထားသည့်ကုမ္ပဏီသည် အများပြည်သူမှကြည့်ရှုလေ့လာနိုင်ရန် အိတ်ချိန်းသို့ အောက်ဖော်ပြပါ စာရွက်စာတမ်းများတင်ပြရမည်-

(က) တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများနှင့်အညီ ထုတ်ပြန်ကြေညာရန် လိုအပ်သည့် စာရွက်စာတမ်းများ၊

( ခ ) အစုရှယ်ယာရှင်များသို့ ပေးပို့သည့်စာရွက်စာတမ်းများ၊

( ဂ ) အိတ်ချိန်းမှ လိုအပ်သည်ဟုယူဆသော စာရွက်စာတမ်းများ။

၂၆။ မှတ်ပုံတင်ထားသည့်ကုမ္ပဏီသည် အပိုဒ် ၂၅ ပါ စာရွက်စာတမ်းများကို အများပြည်သူမှ ကြည့်ရှုလေ့လာနိုင်ရန် အိတ်ချိန်း၏အင်တာနက်စာမျက်နှာတွင် တင်ပြခြင်းအား သဘောတူရမည်။

## အခန်း (၁၁)

## သတိပေးချက်ထုတ်ပြန်ခံရသော ငွေချေးသက်သေခံလက်မှတ်အဖြစ်သတ်မှတ်ခြင်းနှင့် သတ်မှတ်ခြင်းမှပယ်ဖျက်ခြင်း

၂၇။ မှတ်ပုံတင်ထားသည့်ကုမ္ပဏီက အပိုဒ် ၃၈ ပါ အချက်ကို လိုက်နာဆောင်ရွက်ခြင်းမရှိလျှင် မှတ်ပုံတင်ထားသည့်ကုမ္ပဏီကို ရင်းနှီးမြှုပ်နှံသူများမှသတိပြုနိုင်ရန် အိတ်ချိန်းသည် မှတ်ပုံတင်ထားသည့်ကုမ္ပဏီ၏ ငွေချေးသက်သေခံလက်မှတ်ကို သတိပေးချက်ထုတ်ပြန်ခံရသော ငွေချေးသက်သေခံလက်မှတ်အဖြစ် သတ်မှတ်ရမည်။ ယင်းသို့ သတ်မှတ်ပါက သတ်မှတ်ရသည့် အကြောင်းရင်းကို ထုတ်ပြန်ကြေညာရမည်။

၂၈။ မှတ်ပုံတင်ထားသည့်ကုမ္ပဏီက အပိုဒ် ၃၈ ပါအတိုင်း ပြည့်စုံစွာလိုက်နာပြီးဖြစ်လျှင် အိတ်ချိန်းသည် သတိပေးချက်ထုတ်ပြန်ခံရသော ငွေချေးသက်သေခံလက်မှတ်အဖြစ် သတ်မှတ်ခြင်းမှ ပယ်ဖျက်နိုင်သည်။ အိတ်ချိန်းသည် ယင်းကဲ့သို့ပယ်ဖျက်ခြင်းနှင့် ပယ်ဖျက်ရသည့်အကြောင်းရင်းကို ထုတ်ပြန်ကြေညာရမည်။

## အခန်း (၁၂)

## အရောင်းအဝယ်ရပ်ဆိုင်းခြင်းနှင့် အရောင်းအဝယ်ရပ်ဆိုင်းခြင်းကို ပယ်ဖျက်ခြင်း

၂၉။ အိတ်ချိန်းသည် မှတ်ပုံတင်ထားသည့်ကုမ္ပဏီ၏ ငွေချေးသက်သေခံလက်မှတ်များကို မရိုးမဖြောင့်သော သဘောဖြင့် အရောင်းအဝယ်ပြုလုပ်ကြောင်းကိုတွေ့ရှိပါက ယင်း၏ငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်မှုကို ရပ်ဆိုင်းရမည်။

၃၀။ အိတ်ချိန်းသည် အပိုဒ် ၂၉ အရ ရပ်ဆိုင်းမည့်အချိန်ကာလကို ကိစ္စရပ်အပေါ်အခြေခံ၍ သတ်မှတ်ရမည်။

၃၁။ အိတ်ချိန်းသည် မှတ်ပုံတင်ထားသည့်ကုမ္ပဏီ၏ ငွေချေးသက်သေခံလက်မှတ်ကို အရောင်းအဝယ်ရပ်ဆိုင်းခြင်း သို့မဟုတ် အပိုဒ် ၃၀ အရ သတ်မှတ်သည့်ကာလစေ့ရောက်၍ အရောင်းအဝယ်ရပ်ဆိုင်းခြင်းကို ပယ်ဖျက်ခြင်းပြုလုပ်သည့်အခါ ယင်းမှတ်ပုံတင်ထားသည့်ကုမ္ပဏီထံ အကြောင်းကြားရမည်။

## အခန်း (၁၃)

## မှတ်ပုံတင်ခြင်းမှ ပယ်ဖျက်ခြင်း

၃၂။ မှတ်ပုံတင်ထားသည့် ကုမ္ပဏီတစ်ခုခုသည် အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ်တွင် ကျရောက်ခဲ့လျှင် အိတ်ချိန်းသည် ကော်မရှင်သို့ တင်ပြအတည်ပြုချက်ရယူ၍ ယင်းကုမ္ပဏီအား မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်ရမည်–

(က) လူမွဲအဖြစ်ခံယူရန် ဆောင်ရွက်ခြင်းများ၊

( ခ ) ငွေချေးသက်သေခံလက်မှတ်များလွှဲပြောင်းခြင်းကို ကန့်သတ်ထားခြင်း၊

( ဂ ) ကော်မရှင်၏ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၅ အပိုဒ် ၈၊ အပိုဒ်ခွဲ (ဂ) ပါအတိုင်း ဆောင်ရွက်ခြင်း၊

(ဃ) အိတ်ချိန်းက ဆောင်ရွက်နေသော မူလဈေးကွက် (Main Board) တွင် စာရင်းဝင်ခြင်း၊

(င) ရင်းနှီးမြှုပ်နှံသူများနှင့် အများပြည်သူအကျိုးစီးပွားကို အကာအကွယ်ပေးရန် သင့်လျော်သည်ဟု ယူဆခြင်း။

၃၃။ အိတ်ချိန်းသည် အပိုဒ် ၃၂ အရ ပယ်ဖျက်ရန်ဆောင်ရွက်သည့်အခါ ရင်းနှီးမြှုပ်နှံသူများ သတိပြုမိစေရန် အလို့ငှာ ၎င်းအချက်အား ထုတ်ပြန်ကြေညာရမည်။

၃၄။ အိတ်ချိန်းသည် အပိုဒ် ၃၂ အရ မှတ်ပုံတင်ခြင်းမှ ပယ်ဖျက်ရန် ဆုံးဖြတ်သည့်နေ့ရက်မှစ၍ အောက်ပါတို့ကို တစ်လအတွင်းဆောင်ရွက်ရမည်-

(က) ရင်းနှီးမြှုပ်နှံသူများအား အသိပေးအကြောင်းကြားခြင်း၊

(ခ) အိတ်ချိန်း၏ ကွန်ပျူတာစနစ်တွင် မှတ်ပုံတင်ထားသော ငွေချေးသက်သေခံလက်မှတ်များကို စာရင်းသွင်းခြင်းမှ ပယ်ဖျက်ခြင်း၊

(ဂ) စာရင်းရှင်းလင်းခြင်းနှင့် ငွေပေးချေခြင်း (Clearing & Settlement) တို့ ကျန်ရှိပါက ယင်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်ခြင်း။

## အခန်း (၁၄)

## ရောင်းဝယ်ခြင်း၊ စာရင်းရှင်းလင်းခြင်း၊ ငွေပေးချေခြင်းနှင့် စာရင်းပြောင်းခြင်း

၃၅။ အိတ်ချိန်းသည် မှတ်ပုံတင်ထားသည့် ကုမ္ပဏီ၏ ငွေချေးသက်သေခံလက်မှတ်ကို ရောင်းဝယ်ခြင်း၊ စာရင်းရှင်းလင်းခြင်း၊ ငွေပေးချေခြင်းနှင့် စာရင်းပြောင်းခြင်းကိစ္စရပ်များကို ဆောင်ရွက်ရာတွင် စာရင်းဝင် ငွေချေးသက်သေခံလက်မှတ်ကဲ့သို့ အလားတူဆောင်ရွက်ရမည်။

## အခန်း (၁၅)

## ဝန်ဆောင်ခများ

၃၆။ အိတ်ချိန်း၏ ဒါရိုက်တာအဖွဲ့သည် မှတ်ပုံတင်အကြံပေးနှင့် စာရင်းဝင်အကြိုဈေးကွက် (Pre-Listing Board-PLB) တွင် မှတ်ပုံတင်သည့် ကုမ္ပဏီများက ပေးဆောင်ရမည့်ဝန်ဆောင်ခများကို သတ်မှတ်ရမည်။

၃၇။ မှတ်ပုံတင်အကြံပေးနှင့် စာရင်းဝင်အကြိုဈေးကွက် (Pre-Listing Board-PLB) တွင် မှတ်ပုံတင်ထားသည့်ကုမ္ပဏီသည် အပိုဒ် ၃၆ အရ သတ်မှတ်ထားသည့် ဝန်ဆောင်ခများကို ပေးဆောင်ရမည်။

## အခန်း (၁၆)

## အထွေထွေပြဋ္ဌာန်းချက်များ

၃၈။ မှတ်ပုံတင်ထားသည့်ကုမ္ပဏီသည် ကော်ပိုရိတ်သတင်းအချက်အလက်များကို ကော်မရှင်၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၆ ပါ သတ်မှတ်ချက်များနှင့်အညီ စဉ်ဆက်မပြတ် ထုတ်ဖော်ကြေညာခြင်းဖြင့် လုပ်ငန်းများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်ရမည်။

၃၉။ မှတ်ပုံတင်ထားသည့်ကုမ္ပဏီသည် ကော်မရှင်၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၅ ရက်စွဲပါ ညွှန်ကြားချက် ၄/၂၀၁၆ ပါ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

၄၀။ မှတ်ပုံတင်ထားသည့်ကုမ္ပဏီသည် အိတ်ချိန်းက စုံစမ်းမေးမြန်းလျှင် ဆောလျင်စွာ အကြောင်းပြန်ကြားရမည်။

မောင်မောင်ဝင်း
ဥက္ကဋ္ဌ
ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၂၃)

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၈ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်)

၂၀၂၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (သာသနာရေး)၊ စီမံခန့်ခွဲရေးရာကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၃) ၏ သဘောတူညီချက်အရ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ အောက်ဖော်ပြပါ ဆရာတော်ကြီး ၂ ပါးတို့အား ၎င်းတို့၏ဘွဲ့အမည်နှင့် ယှဉ်တွဲဖော်ပြပါဌာနများသို့ အလုပ်တာဝန်ဝတ္တရားများ လွှဲပြောင်း/လက်ခံ စတင်ထမ်းဆောင်သည့်နေ့ရက်မှစ၍ လစာနှုန်းတူ/အဆင့်တူ သာသနာပြုတာဝန်ဆက်ကပ် အပ်နှင်းအပ်ပါသည်-

| | ဘွဲ့အမည်၊ ရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်အပ်သည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါက်တာ ဘဒ္ဒန္တအာစိဏ္ဏ<br>ပါမောက္ခ<br>ပရိယတ္တိမဟာဌာန | ဌာနကြီးမှူး<br>ပရိယတ္တိမဟာဌာန |
| (ခ) | ဒေါက်တာ ဘဒ္ဒန္တပါရမီ<br>ပါမောက္ခ<br>ပရိယတ္တိမဟာဌာန | ဌာနကြီးမှူး<br>နိုင်ငံခြားဘာသာများသင်ကြားရေးနှင့်<br>ဘာသာပြန်မဟာဌာန |

## အမိန့်ကြော်ငြာစာအမှတ် (၅၃/၂၀၂၃)

၂၀၂၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (သာသနာရေး)၊ စီမံခန့်ခွဲရေးရာကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၃) ၏ သဘောတူညီချက်အရ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ အောက်ဖော်ပြပါ ဆရာတော်ကြီး ၄ ပါးတို့အား ၎င်းတို့၏ဘွဲ့အမည်နှင့် ယှဉ်တွဲဖော်ပြပါရာထူးနေရာများသို့ အလုပ်တာဝန်ဝတ္တရားများ လွှဲပြောင်း/လက်ခံ စတင်ထမ်းဆောင်သည့်နေ့ရက်မှစ၍ တိုးမြှင့်ဆက်ကပ် အပ်နှင်းအပ်ပါသည်-

| | ဘွဲ့အမည်၊ ရာထူး၊ ဌာန၊ လစာနှုန်း | တိုးမြှင့်ခန့်အပ်သည့် ရာထူး၊ ဌာန၊ လစာနှုန်း |
|---|---|---|
| (က) | ဒေါက်တာ ဘဒ္ဒန္တဝရဉာဏ<br>တွဲဖက်ပါမောက္ခ<br>ပဋိပတ္တိမဟာဌာန<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) | ပါမောက္ခ/ ဌာနကြီးမှူး<br>ပဋိပတ္တိမဟာဌာန<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) |
| (ခ) | ဒေါက်တာ ဘဒ္ဒန္တစန္ဒမုခ<br>တွဲဖက်ပါမောက္ခ<br>နိုင်ငံခြားဘာသာများသင်ကြားရေးနှင့်<br>ဘာသာပြန်မဟာဌာန<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) | ပါမောက္ခ<br>ပရိယတ္တိမဟာဌာန<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) |
| (ဂ) | ဒေါက်တာ ဘဒ္ဒန္တဇောတိက<br>ကထိက<br>ပဋိပတ္တိမဟာဌာန<br>(၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) | တွဲဖက်ပါမောက္ခ<br>ပဋိပတ္တိမဟာဌာန<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) |
| (ဃ) | ဒေါက်တာ ဘဒ္ဒန္တခေမာစာရ<br>ကထိက<br>ပရိယတ္တိမဟာဌာန<br>(၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) | တွဲဖက်ပါမောက္ခ<br>ပရိယတ္တိမဟာဌာန<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) |

သတ်မှတ်ထားသော လစဥ်နဝကမ္မအလှူတော်ငွေများကို သက်ဆိုင်ရာဝန်ထမ်းများက ဝိနည်းတော်နှင့် လျော်ညီစွာ အချိန်မီမပျက်မကွက် ဆက်ကပ်လှူဒါန်းရန်ဖြစ်သည်။

ဦးကိုကို
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၇၇/၂၀၂၃)**

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်

(၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံးလျက် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရွာငံမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၄,၂၀၀ ဧကရှိသော နယ်မြေကို**ဒေါင်းသောက်ကြိုးပြင်ကာကွယ်တော**အဖြစ်၁၃၈၅ခုနှစ်၊ပထမဝါဆိုလဆန်း၉ရက်(၂၀၂၃ခုနှစ်၊ ဇွန်လ ၂၆ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက်။ ခန့်မှန်းမြေပုံညွှန်း 21˚32ˈ43.48ˈˈN, 96˚22ˈ43.11ˈˈE နေရာမှ အစပြု၍ အရှေ့မြောက်ဘက်သို့ တောင်ကြောအတိုင်း ၇.၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21˚32ˈ54.82ˈˈN, 96˚23ˈ32.08ˈˈE အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ တောင်ကြောအတိုင်း ၂.၉ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21˚33ˈ8.08ˈˈN, 96˚23ˈ46.57ˈˈE အထိ၊ ထိုမှအရှေ့မြောက်ဘက်သို့ တောင်ကြောအတိုင်း ၃.၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21˚33ˈ13.29ˈˈN, 96˚24ˈ8.16ˈˈE အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ တောင်ကြောအတိုင်း ၄.၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21˚33ˈ1.50ˈˈN, 96˚24ˈ33.77ˈˈE အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ တောင်ကြောအတိုင်း ၂.၉ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21˚33ˈ14.10ˈˈN, 96˚24ˈ47.16ˈˈE အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ တောင်ကြောအတိုင်း ၂.၈ ဖာလုံခန့်လာရာ 21˚33ˈ25.42ˈˈN, 96˚25ˈ2.53ˈˈE အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၃.၁ ဖာလုံခန့်လာရာ ဟန်လင်းတောင်ကြိုးပြင်ကာကွယ်တောနှင့်ဆုံသည့် 21˚33ˈ20.10ˈˈN, 96˚25ˈ23.16ˈˈE အထိ၊

အရှေ့ဘက်။ ထိုမှ တောင်ဘက်သို့ ဟန်လင်းတောင်ကြိုးပြင်ကာကွယ်တောနယ်နိမိတ်အတိုင်း ၂.၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21˚33ˈ5.86ˈˈN, 96˚25ˈ21.76ˈˈE အထိ၊ ထိုမှ တောင်ဘက်သို့ ကြိုးပြင်ကာကွယ်တောနယ်နိမိတ်အတိုင်း ၅.၆ ဖာလုံခန့်လာရာ 21˚32ˈ32.37ˈˈN, 96˚25ˈ35.75ˈˈE အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ကြိုးပြင်ကာကွယ်တောနယ်နိမိတ်အတိုင်း ၆.၇ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21˚31ˈ52.35ˈˈN, 96˚25ˈ19.80ˈˈE အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ကြိုးပြင်ကာကွယ်တောနယ်နိမိတ် အတိုင်း ၃.၇ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21˚31ˈ29.92ˈˈN, 96˚25ˈ10.94ˈˈE အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ကြိုးပြင်ကာကွယ်တောနယ်နိမိတ်အတိုင်း ၃.၅ ဖာလုံခန့်လာရာ

ခန့်မှန်းမြေပုံညွှန်း 21°31'15.66"N, 96°24'52.72"E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ကြိုးပြင်ကာကွယ်တောနယ်နိမိတ်အတိုင်း ၄.၇ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21°30'48.91"N, 96°24'35.78"E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ကြိုးပြင်ကာကွယ်တောနယ်နိမိတ်အတိုင်း ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21°30'32.97"N, 96°24'13.60"E အထိ၊

တောင်ဘက်။ ထိုမှ အနောက်ဘက်သို့ ၁.၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21°30'32.09"N, 96°24'5.12"E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ကုန်းကြောအတိုင်း ၃.၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21°30'39.50"N, 96°23'44.46"E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ကုန်းကြောအတိုင်း ၂.၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21°30'50.76"N, 96°23'34.25"E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ကုန်းကြောအတိုင်း ၁.၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21°30'47.86"N, 96°23'25.89"E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ကုန်းကြောအတိုင်း ၉.၂ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21°30'45.72"N, 96°23'19.93"E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ကုန်းကြောအတိုင်း ၆.၂ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21°30'46.43"N, 96°23'15.67"E အထိ၊

အနောက်ဘက်။ ထိုမှ အရှေ့မြောက်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21°30'59.05"N, 96°23'17.91"E အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ကုန်းကြောအတိုင်း ၃.၈ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21°31'20.02"N, 96°23'31.48"E အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ တောင်ကြောအတိုင်း ၂ ဖာလုံခန့်လာရာ 21°31'32.23"N, 96°23'32.04"E အထိ၊ ထိုမှ အနောက်ဘက်သို့ ကုန်းကြောအတိုင်း ၃.၆ ဖာလုံခန့်လာရာ 21°31'34.68"N, 96°23'7.99"E အထိ၊ ထိုမှ မြောက်ဘက်သို့ ၁.၄ ဖာလုံခန့်လာရာ 21°31'43.47"N, 96°23'8.49"E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ တောင်ကြောအတိုင်း ၃.၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21°31'48.56"N, 96°22'45.73"E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ တောင်ကြောအတိုင်း ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21°31'58.31"N, 96°22'36.18"E အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ တောင်ကြောအတိုင်း ၂.၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21°32'14.95"N, 96°22'39.71"E အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ တောင်ကြောအတိုင်း ၁.၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21°32'18.79"N, 96°22'46.52"E အထိ၊ ထိုမှ မြောက်ဘက်သို့ တောင်ကြောအတိုင်း ၂.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21°32'35.24"N, 96°22'44.51"E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ တောင်ကြောအတိုင်း ၈ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21°32'38.72"N, 96°22'40.93"E အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ တောင်ကြောအတိုင်း ၉.၃ သံကြိုးခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း 21°32'43.48"N, 96°22'43.11"E အထိ။

**၂။ သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း**

ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

**၃။ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

ထို့အပြင် ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) အရ

ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ပါဝင်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည်–

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | ဥက္ကဋ္ဌ<br>မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ရှာင်မြို့နယ် | အဖွဲ့ဝင် |
| ၃ | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ရှာင်မြို့နယ် | အဖွဲ့ဝင် |
| ၄ | ဦးအောင်ကျော်ခိုင်<br>ဒေသခံပြည်သူ၊ မြို့ကြီးကျေးရွာအုပ်စု၊ ရှာင်မြို့နယ် | အဖွဲ့ဝင် |
| ၅ | ဦးစိုးနိုင်<br>ဒေသခံပြည်သူ၊ ကျွန်းကြီးကျေးရွာ၊ ကျွန်းကြီးကျေးရွာအုပ်စု၊ ရှာင်မြို့နယ် | အဖွဲ့ဝင် |
| ၆ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်သစ်တောဦးစီးဌာန၊ ရှာင်မြို့နယ် | အတွင်းရေးမှူး |

ခင်မောင်ရီ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စက်မှုဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၂၃)

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၄ ရက်
(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၆ ရက်)

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၄/၂၀၂၃) ၏ သဘောတူညီချက်အရ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) နှင့် စက်ရုံများတွင်တာဝန်ထမ်းဆောင်နေသော လစာနှုန်း (၂၃၄,၀၀၀–၂,၀၀၀–၂၄၄,၀၀၀) တန်းရှိ အောက်ဖော်ပြပါ အမှုထမ်း (၁၀၈) ဦးတို့အား ၎င်းတို့အမည်နှင့် ယှဉ်တွဲပါ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) တန်း၊ ရာထူးနေရာအသီးသီးသို့ လုပ်ငန်းတာဝန်များကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်–

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန/စက်ရုံ | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန/စက်ရုံ |
|---|---|---|---|
| ၁။ | ဒေါ်နီလာစိုး<br>စမ (မှူ) ၀၆၇၁၁ | ကြီးကြပ်ရေးမှူး<br>(၂၃၄,၀၀၀–၂,၀၀၀–၂၄၄,၀၀၀)<br>စီမံရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) | လက်ထောက်မန်နေဂျာ<br>(၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀)<br>စီမံရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) |
| ၂။ | ဒေါ်ယုယုဝါ<br>စမ (မှူ) ၀၇၁၁၆ | ကြီးကြပ်ရေးမှူး<br>(၂၃၄,၀၀၀–၂,၀၀၀–၂၄၄,၀၀၀)<br>စီမံရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) | လက်ထောက်မန်နေဂျာ<br>(၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀)<br>စီမံရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) |

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန/စက်ရုံ | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန/စက်ရုံ |
|---|---|---|---|
| ၃။ | ဒေါ်အေးအေးစိုး<br>စမ (မှ) ၀၇၁၀၆ | ကြီးကြပ်ရေးမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>နည်းပညာဖွံ့ဖြိုးရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) | လက်ထောက်မန်နေဂျာ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>နည်းပညာဖွံ့ဖြိုးရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) |
| ၄။ | ဒေါ်မြမြစန်း<br>စမ (မှ) ၀၄၉၆၄ | ကြီးကြပ်ရေးမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>ထုတ်လုပ်ရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) | လက်ထောက်မန်နေဂျာ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ထုတ်လုပ်ရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) |
| ၅။ | ဒေါ်ဝေမာအောင်<br>စမ (မှ) ၁၅၂၄၆ | ကြီးကြပ်ရေးမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>ထုတ်လုပ်ရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) | လက်ထောက်မန်နေဂျာ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ထုတ်လုပ်ရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) |
| ၆။ | ဒေါ်ခင်စန်းလှိုင်<br>စမ (မှ) ၁၃၉၀၂ | ကြီးကြပ်ရေးမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>အရည်အသွေးထိန်းသိမ်းရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) | လက်ထောက်မန်နေဂျာ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>အရည်အသွေးထိန်းသိမ်းရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) |
| ၇။ | ဒေါ်အိအိကျော်<br>စမ (မှ) ၁၃၂၂၆ | ကြီးကြပ်ရေးမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>ဘဏ္ဍာရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) | လက်ထောက်မန်နေဂျာ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဘဏ္ဍာရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) |
| ၈။ | ဒေါ်သန်းသန်းနိုင်<br>စမ (မှ) ၀၅၇၂၇ | ကြီးကြပ်ရေးမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>ဘဏ္ဍာရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) | လက်ထောက်မန်နေဂျာ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဘဏ္ဍာရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) |
| ၉။ | ဒေါ်လတ်နွေဆန်း<br>စမ (မှ) ၁၂၇၇၂ | ကြီးကြပ်ရေးမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>ရောင်းချဖြန့်ဖြူးရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) | လက်ထောက်မန်နေဂျာ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ရောင်းချဖြန့်ဖြူးရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) |
| ၁၀။ | ဒေါ်ခင်မြင့်သိန်း<br>စမ (မှ) ၀၇၀၉၉ | ကြီးကြပ်ရေးမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>အုပ်ချုပ်ရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) | လက်ထောက်မန်နေဂျာ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>အုပ်ချုပ်ရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) |
| ၁၁။ | ဒေါ်သူဇာဝင်း<br>စမ (မှ) ၀၈၄၄၆ | ကြီးကြပ်ရေးမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>အုပ်ချုပ်ရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) | လက်ထောက်မန်နေဂျာ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>အုပ်ချုပ်ရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) |

| စဉ် | အမည်၊<br>ကိုယ်ပိုင်အမှတ် | လက်ရှိရာထူး၊ လစာနှုန်း၊<br>ဌာန/စက်ရုံ | တိုးမြှင့်ခန့်ထားသည့် ရာထူး၊<br>လစာနှုန်း၊ ဌာန/စက်ရုံ |
|---|---|---|---|
| ၁၂။ | ဒေါ်သန္တာဝင်း<br>စမ (မှူ) ၀၈၄၄၇ | ကြီးကြပ်ရေးမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>အုပ်ချုပ်ရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) | လက်ထောက်မန်နေဂျာ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>အုပ်ချုပ်ရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) |
| ၁၃။ | ဒေါ်နွေးနွေးဖြူ<br>စမ (မှူ) ၀၈၄၄၈ | ကြီးကြပ်ရေးမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>အုပ်ချုပ်ရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) | လက်ထောက်မန်နေဂျာ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>အုပ်ချုပ်ရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) |
| ၁၄။ | ဒေါ်ဆွေဆွေမြ<br>စမ (မှူ) ၁၀၉၈၅ | ကြီးကြပ်ရေးမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>အုပ်ချုပ်ရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) | လက်ထောက်မန်နေဂျာ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>အုပ်ချုပ်ရေးဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) |
| ၁၅။ | ဒေါ်ကြည်ကြည်အေး<br>စမ (မှူ) ၀၃၇၀၃ | ကြီးကြပ်ရေးမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>သုတေသနဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) | လက်ထောက်မန်နေဂျာ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>သုတေသနဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) |
| ၁၆။ | ဒေါ်လှလှဝင်း<br>စမ (မှူ) ၀၅၀၆၅ | ကြီးကြပ်ရေးမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>သုတေသနဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) | လက်ထောက်မန်နေဂျာ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>သုတေသနဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) |
| ၁၇။ | ဒေါ်နွယ်နွယ်လှိုင်<br>စမ (မှူ) ၀၃၀၁၃ | ကြီးကြပ်ရေးမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>သုတေသနဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) | လက်ထောက်မန်နေဂျာ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>သုတေသနဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) |
| ၁၈။ | ဒေါ်ချိုမာ<br>စမ (မှူ) ၁၅၁၃၁ | ကြီးကြပ်ရေးမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>သုတေသနဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) | လက်ထောက်မန်နေဂျာ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>သုတေသနဌာန<br>မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်) |
| ၁၉။ | ဦးတင်မောင်အေး<br>စမ (မှူ) ၀၀၉၂၆ | အလုပ်ရုံစုမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>စီမံကိန်းဌာန<br>ဆေးဝါးစက်ရုံ (အင်းစိန်) | အလုပ်ရုံခွဲမှူး<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>စီမံကိန်းဌာန<br>ဆေးဝါးစက်ရုံ (အင်းစိန်) |
| ၂၀။ | ဦးအောင်ဝင်း<br>စမ (မှူ) ၀၃၃၈၆ | အလုပ်ရုံစုမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>စီမံကိန်းဌာန<br>ဆေးဝါးစက်ရုံ (အင်းစိန်) | အလုပ်ရုံခွဲမှူး<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>စီမံကိန်းဌာန<br>ဆေးဝါးစက်ရုံ (အင်းစိန်) |

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန/စက်ရုံ | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန/စက်ရုံ |
| --- | --- | --- | --- |
| ၂၁။ | ဒေါ်ပြုံးပြုံးထွေး<br>စမ (မှူ) ၁၅၀၂၉ | အလုပ်ရုံစုမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>စီမံကိန်းဌာန<br>ဆေးဝါးစက်ရုံ (အင်းစိန်) | အလုပ်ရုံခွဲမှူး<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>စီမံကိန်းဌာန<br>ဆေးဝါးစက်ရုံ (အင်းစိန်) |
| ၂၂။ | ဒေါ်ဗေရယ်စိုး<br>စမ (မှူ) ၀၈၄၅၀ | အလုပ်ရုံစုမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>စီမံကိန်းဌာန<br>ဆေးဝါးစက်ရုံ (အင်းစိန်) | အလုပ်ရုံခွဲမှူး<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>စီမံကိန်းဌာန<br>ဆေးဝါးစက်ရုံ (အင်းစိန်) |
| ၂၃။ | ဒေါ်အေးချမ်းစံ<br>စမ (မှူ) ၀၈၄၅၄ | အလုပ်ရုံစုမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>စီမံကိန်းဌာန<br>ဆေးဝါးစက်ရုံ (အင်းစိန်) | အလုပ်ရုံခွဲမှူး<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>စီမံကိန်းဌာန<br>ဆေးဝါးစက်ရုံ (အင်းစိန်) |
| ၂၄။ | ဒေါ်ယုယုဝင်း<br>စမ (မှူ) ၁၂၇၁၂ | အလုပ်ရုံစုမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>စီမံကိန်းဌာန<br>ဆေးဝါးစက်ရုံ (အင်းစိန်) | အလုပ်ရုံခွဲမှူး<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>စီမံကိန်းဌာန<br>ဆေးဝါးစက်ရုံ (အင်းစိန်) |
| ၂၅။ | ဦးမင်းမင်းထွန်း<br>စမ (မှူ) ၁၄၀၆၅ | အလုပ်ရုံစုမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>စီမံကိန်းဌာန<br>ဆေးဝါးစက်ရုံ (အင်းစိန်) | အလုပ်ရုံခွဲမှူး<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>စီမံကိန်းဌာန<br>ဆေးဝါးစက်ရုံ (အင်းစိန်) |
| ၂၆။ | ဦးဝင်းသန်း<br>စမ (မှူ) ၀၁၉၂၃ | အလုပ်ရုံစုမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>ရောင်းချဖြန့်ဖြူးရေးဌာန<br>ဆေးဝါးစက်ရုံ (အင်းစိန်) | အလုပ်ရုံခွဲမှူး<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ရောင်းချဖြန့်ဖြူးရေးဌာန<br>ဆေးဝါးစက်ရုံ (အင်းစိန်) |
| ၂၇။ | ဒေါ်သွယ်သွယ်ခိုင်<br>စမ (မှူ) ၀၃၂၁၁ | အလုပ်ရုံစုမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>ရောင်းချဖြန့်ဖြူးရေးဌာန<br>ဆေးဝါးစက်ရုံ (အင်းစိန်) | အလုပ်ရုံခွဲမှူး<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ရောင်းချဖြန့်ဖြူးရေးဌာန<br>ဆေးဝါးစက်ရုံ (အင်းစိန်) |
| ၂၈။ | ဒေါ်မျိုးပပ<br>စမ (မှူ) ၀၃၃၇၈ | အလုပ်ရုံစုမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>ဘဏ္ဍာရေးဌာန<br>ဆေးဝါးစက်ရုံ (အင်းစိန်) | အလုပ်ရုံခွဲမှူး<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဘဏ္ဍာရေးဌာန<br>ဆေးဝါးစက်ရုံ (အင်းစိန်) |
| ၂၉။ | ဒေါ်သွယ်သွယ်ဦး<br>စမ (မှူ) ၀၃၇၁၀ | အလုပ်ရုံစုမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>ဘဏ္ဍာရေးဌာန<br>ဆေးဝါးစက်ရုံ (အင်းစိန်) | အလုပ်ရုံခွဲမှူး<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဘဏ္ဍာရေးဌာန<br>ဆေးဝါးစက်ရုံ (အင်းစိန်) |

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန/စက်ရုံ | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန/စက်ရုံ |
|---|---|---|---|
| ၃၀။ | ဦးနေမျိုးကျော်<br>စမ (မှု) ၀၁၆၆၂ | အလုပ်ရုံစုမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>ဘဏ္ဍာရေးဌာန<br>ဆေးဝါးစက်ရုံ (အင်းစိန်) | အလုပ်ရုံခွဲမှူး<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဘဏ္ဍာရေးဌာန<br>ဆေးဝါးစက်ရုံ (အင်းစိန်) |
| ၃၁။ | ဒေါ်အေးမိစံ<br>စမ (မှု) ၀၃၇၁၁ | အလုပ်ရုံစုမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>ဘဏ္ဍာရေးဌာန<br>ဆေးဝါးစက်ရုံ (အင်းစိန်) | အလုပ်ရုံခွဲမှူး<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဘဏ္ဍာရေးဌာန<br>ဆေးဝါးစက်ရုံ (အင်းစိန်) |
| ၃၂။ | ဒေါ်နီနီတင်<br>စမ (မှု) ၀၁၆၆၉ | အလုပ်ရုံစုမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>ကုန်ထုတ်လုပ်ရေးဌာန<br>ဆေးဝါးစက်ရုံ (အင်းစိန်) | အလုပ်ရုံခွဲမှူး<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ကုန်ထုတ်လုပ်ရေးဌာန<br>ဆေးဝါးစက်ရုံ (အင်းစိန်) |
| ၃၃။ | ဒေါ်ခင်မြတ်မြတ်ကျော်<br>စမ (မှု) ၀၅၀၈၁ | အလုပ်ရုံစုမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>ကုန်ထုတ်လုပ်ရေးဌာန<br>ဆေးဝါးစက်ရုံ (အင်းစိန်) | အလုပ်ရုံခွဲမှူး<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ကုန်ထုတ်လုပ်ရေးဌာန<br>ဆေးဝါးစက်ရုံ (အင်းစိန်) |
| ၃၄။ | ဒေါ်ဇင်မာထွန်း<br>စမ (မှု) ၀၇၁၀၂ | အလုပ်ရုံစုမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>ကုန်ထုတ်လုပ်ရေးဌာန<br>ဆေးဝါးစက်ရုံ (အင်းစိန်) | အလုပ်ရုံခွဲမှူး<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ကုန်ထုတ်လုပ်ရေးဌာန<br>ဆေးဝါးစက်ရုံ (အင်းစိန်) |
| ၃၅။ | ဒေါ်ယဉ်ယဉ်လှ<br>စမ (မှု) ၀၅၀၉၉ | အလုပ်ရုံစုမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>ကုန်ထုတ်လုပ်ရေးဌာန<br>ဆေးဝါးစက်ရုံ (အင်းစိန်) | အလုပ်ရုံခွဲမှူး<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ကုန်ထုတ်လုပ်ရေးဌာန<br>ဆေးဝါးစက်ရုံ (အင်းစိန်) |
